**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အခွန်အယူခံခုံအဖွဲ့**

**ညွှန်ကြားချက်အမှတ်(၄/၂၀၂၀)**

၁၃၈၂ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်)

အကြောင်းအရာ။ **ဗီဒီယိုဆက်သွယ်မှု (Video Conferencing) ဖြင့် အယူခံမှု၊ ပြန်လည်သုံးသပ်မှုများ ကြားနာစစ်ဆေးစီရင်ခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ကိစ္စ**

၁။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ COVID-19 ကူးစက်ရောဂါကူးစက် ပြန့်ပွားမှုကို ထိန်းချုပ်လာနိုင်ပြီး၊ အခွန်အယူခံခုံအဖွဲ့မှ နောက်ထပ် အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်သည်အထိ အကျိုးသက်ရောက်စေရမည်။

၃။ အခွန်အယူခံခုံအဖွဲ့သို့တင်သွင်းထားသောအယူခံမှု၊ပြန်လည်သုံးသပ်မှုများနှင့်သက်ဆိုင်သည့် အထောက်အထားများ၊ အမှုတွဲများ၊ လိုအပ်ချက်များ ပြည့်စုံ၍ လက်ခံဖွင့်လှစ်ပြီး ဖြစ်နေသောအမှုများအား COVID-19 ကူးစက်ရောဂါကူးစက်ပြန့်ပွားနေသည့်ကာလအတွင်းသာ ဗီဒီယိုဆက်သွယ်မှု (Video Conferencing) ဖြင့် ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်နိုင်ရန်အတွက် အောက်ပါစည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

**လျှောက်ထားခြင်း**

၄။ (က) ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာဆောင်ရွက်ရန် အမှုသည်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်း၏ အခွင့်ရကိုယ်စားလှယ် သို့မဟုတ် အကျိုးဆောင်ရှေ့နေကဖြစ်စေ ခုံအဖွဲ့သို့ လျှောက်ထားသူမှ ဖြည့်စွက်ရမည့်ပုံစံတွင် ဖြည့်စွက်ရေးသား၍ တင်ပြလျှောက်ထားရမည်၊

(ခ) လျှောက်ထားလွှာတွင် ဆက်သွယ်ရမည့် အီးမေးလ်လိပ်စာ ၊ ဖုန်းနံပါတ်များကို တိကျစွာ ဖော်ပြရမည်၊

(ဂ) လျှောက်ထားလွှာကို တင်သွင်းချိန်တွင် သတ်မှတ်ရုံးခွန်တံဆိပ်ခေါင်း ၅၀၀ ကျပ် ထမ်းဆောင်ရမည်၊

(ဃ) လျှောက်ထားလွှာမူရင်းကို မှတ်ပုံတင်အရာရှိထံ လိပ်မူ၍ စာတိုက်မှ ဖြစ်စေ၊ အမြန်ချောပို့ လုပ်ငန်းများမှဖြစ်စေ ပေးပို့ရမည်၊

(င) လျှောက်ထားလွှာ Scan Copy ကို မှတ်ပုံတင်အရာရှိ၏အီးမေးလ် Registrar-ratb@ratb.gov.mm သို့ ပေးပို့ရမည်။

## လျှောက်ထားခြင်းကိုခွင့်ပြုခြင်း

၅။ (က) လျှောက်ထားလွှာ Scan Copy ကို မှတ်ပုံတင်အရာရှိက လက်ခံရရှိပါက၊ လျှောက်ထားခံရသူအားအခွန်အယူခံခုံအဖွဲ့အနေဖြင့် ဗီဒီယိုဖြင့်ကြားနာစစ်ဆေးမည်ဖြစ်ကြောင်းနှင့် လျှောက်ထားခံရသူမှဖြည့်စွက်ရမည့်ပုံစံတွင် ဖြည့်စွက်နိုင်ရန်အတွက် အသိပေးအကြောင်းကြားရမည်၊

(ခ) လျှောက်ထားခံရသူမှ ပုံစံတွင် ဖြည့်စွက်ပြီးနောက် မှတ်ပုံတင်အရာရှိ၏ အီးမေးလ် Registrar-ratb@ratb.gov.mmသို့ပြန်ကြားရန်နှင့် မူရင်းကို မှတ်ပုံတင် အရာရှိထံ လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့ လုပ်ငန်းများမှဖြစ်စေပေးပို့ရမည်၊ အကယ်၍ သဘောမတူပါက မှတ်ပုံတင်အရာရှိ Registrar-ratb@ratb.gov.mm ထံ အီးမေးလ် ဖြင့်ပေးပို့ပြီး အခွန်အယူခံခုံအဖွဲ့သို့ တရားဝင်စာဖြင့် အကြောင်းပြန်ကြားရမည်၊

(ဂ) လျှောက်ထားလွှာမူရင်းကို မှတ်ပုံတင်အရာရှိက လက်ခံရရှိလျှင် Scan Copy နှင့် တိုက်ဆိုင်စစ်ဆေးပြီး လိုအပ်ချက်များပြည့်စုံလျှင် လျှောက်ထားလွှာအားခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို လျှောက်လွှာတွင် ဖော်ပြထားသည့် အီးမေးလ် သို့မဟုတ် ဖုန်းနံပါတ်သို့ ဆက်သွယ်၍ မှတ်ပုံတင်အရာရှိမှ အသိပေးအကြောင်းကြားမည်၊

(ဃ) လျှောက်ထားလွှာကို လက်ခံခွင့်ပြုပါက လျှောက်ထားခံရသူအား အခွန်အယူခံခုံအဖွဲ့မှ ကြားနာစစ်ဆေးမည့်နေ့ရက်နှင့် အချိန်တို့ကို အသိပေးအကြောင်းကြားရမည်၊

(င) စစ်ဆေးကြားနာမည့် နေ့ရက်၊ အချိန်နှင့် နေရာကို ကြိုတင်သတိပေး အမှုခေါ်စာရင်းတွင် ဖော်ပြ၍ လျှောက်လွှာတွင် ဖော်ပြထားသည့် အီးမေးလ်သို့ ဆက်သွယ်ပြန်ကြားမည်၊ အခွန်အယူခံ ခုံအဖွဲ့၏ FaceBook, Revenue Appellate Tribunal Board တွင်လည်း ကြေညာပေးမည်၊

(စ) မူရင်းဆင့်စာကို အခွန်အယူခံ ခုံအဖွဲ့နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချအပ်ရမည်၊

(ဆ) ကြားနာစစ်ဆေးမှုအတွက် ကုန်ကျစရိတ်များကို လျှောက်ထားသူက နည်းပညာပိုင်းတာဝန်ယူ ဆောင်ရွက်ပေးသည့် အဖွဲ့အစည်း/ ကုမ္ပဏီသို့ မပျက်မကွက် တိုက်ရိုက်ပေးချေ ကျခံရမည်။

**အမှုကြားနာစစ်ဆေးခြင်း**

၆။ (က) အမှုကြားနာစစ်ဆေး လျှောက်လဲရာတွင် အမှုသည်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် အကျိုးဆောင်ရှေ့နေကဖြစ်စေ လျှောက်လဲနိုင်ပြီး အခွန်အယူခံခုံအဖွဲ့တရားခွင်ရုံးခန်း (Physical Court) ရှေ့မှောက်တွင် လာရောက်၍ လျှောက်လဲမှုပြုသကဲ့သို့ ဝတ်စား ဆင်ယင်ပြုမူဆောင်ရွက်ရမည်၊

(ခ) ဗီဒီယိုဆက်သွယ်မှုဖြင့်ကြားနာစစ်ဆေးရာတွင် Microsoft Team Software ကို အသုံးပြု၍ ဆက်သွယ် ဆောင်ရွက်ရမည်၊ နည်းပညာပိုင်းအရ အထောက်အကူများ ကြိုတင်စီမံထားရှိရမည်၊

(ဂ) ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာစစ်ဆေးဆောင်ရွက်မှုများကို အသံသွင်းယူခြင်း (Recording) မပြုလုပ်ရ ၊ သိမ်းဆည်းမှတ်တမ်းယူခြင်း (Storing) မပြုလုပ်ရ၊ ကူးယူခြင်း (Copying) မပြုလုပ်ရ၊ မည်သည့်နည်းလမ်းဖြင့်မဆို တိုက်ရိုက်အသံလွှင့် ခြင်း (Live Broadcasting or Live Streaming) မပြုလုပ်ရ၊

(ဃ) အမှုကြားနာစစ်ဆေးနေစဉ် လျှောက်လဲမည့်သူများမှ အပ အခြားမည်သူတစ်ဦး တစ်ယောက်မျှ ဝင်ရောက်ပြောဆိုခြင်း၊ ဆွေးနွေးခြင်း၊ နှောက်ယှက်ခြင်း မပြုလုပ် နိုင်ရန် အတားအဆီး အစီအမံများ ဆောင်ရွက်ထားရမည်၊

(င) ဗီဒီယိုဆက်သွယ်မှုဖြင့်ကြားနာစစ်ဆေးဆောင်ရွက်နေစဉ် မိမိတို့၏ ဗီဒီယိုဆက်သွယ် မှုကို မိမိလျှောက်လဲချိန်မှ တစ်ပါး ကျန်အချိန်များတွင် အသံပိတ်ထားခြင်း အနေအထား ( Mute Position) တွင် ထားရှိရမည်၊

(စ) ဗီဒီယိုဆက်သွယ်မှုဖြင့်ကြားနာစစ်ဆေးဆောင်ရွက်နေစဉ်အတွင်း မည်သည့်အဆင့်၌ မဆို အခွန်အယူခံ ခုံအဖွဲ့အနေဖြင့် အမှုကို ဆိုင်းငံ့ခြင်း သို့မဟုတ် ပြောင်းလဲခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းတို့ကိုဆောင်ရွက်နိုင်သည်၊

(ဆ) ဗီဒီယိုဆက်သွယ်မှုဖြင့်ကြားနာစစ်ဆေးဆောင်ရွက်မှုနှင့် ပတ်သက်ပြီး၊ အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက၊ အမှုကို ရပ်ဆိုင်း၍ အခွန်အယူခံ ခုံအဖွဲ့ဥပဒေနှင့် နည်းဥပဒေများပါပြဋ္ဌာန်းချက်များပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်၊

(ဇ) ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာစစ်ဆေးဆောင်ရွက်နေစဉ် တစ်ဖက်ဖက်မှ ဆက်သွယ် မှု ပြတ်တောက်သွားပါက ကြားနာစစ်ဆေးမှုကို အစမှ ပြန်လည်ဆောင်ရွက်ရမည်၊

(ဈ) အမှု ကြားနာစစ်ဆေးနေစဉ်အတွင်း အမှုကြားနာစစ်ဆေးနေသည့်ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင်များမှ မေးမြန်းသည့် မေးခွန်းများကို မေးမြန်း ခံရသည့် ပုဂ္ဂိုလ်မှ ပြန်လည်ဖြေကြားရမည်။

**စီရင်ချက်အမိန့်ချမှတ်ခြင်း**

၇။ (က) စီရင်ချက်အမိန့်ချမှတ်မည့် နေ့ရက် ၊ အချိန်နှင့် နေရာတို့ကို လျှောက်ထားသူ၏ လျှောက်လွှာတွင် ဖော်ပြထားသည့် အီးမေးလ်သို့ ဆက်သွယ်၍ အကြောင်းကြားပါမည်၊ အခွန်အယူခံ ခုံအဖွဲ့၏ FaceBook နှင့် ကြော်ငြာသင်ပုန်းများတွင်လည်း ကြေညာမည်၊

(ခ) အလားတူ လျှောက်ထားခံရသူအားလည်း အခွန်အယူခံခုံအဖွဲ့မှ စီရင်ချက်အမိန့် ချမှတ်မည့်နေ့ရက်နှင့် အချိန်တို့ကို အသိပေးအကြောင်းကြားရမည်၊

(ဂ) ထို့နောက် အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ ၃၅ နှင့် အညီ ဆက်လက် ဆောင်ရွက်ရမည်။

(ဝင်းတင်)

ဥက္ကဋ္ဌ

စာအမှတ်၊ အခယ / ၃- အမ (၁၁၃ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်

**ဖြန့်ဝေခြင်း**

အဖွဲ့ဝင်များ အားလုံး၊ အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

(မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန

မှတ်ပုံတင်အရာရှိ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ကြော်ငြာသင်ပုန်း

မိတ္တူကို

- ရုံးလက်ခံ
- မျှောစာတွဲ

လျှောက်ထားသူမှ ဖြည့်စွက်ရမည့်ပုံစံ

| တံဆိပ်ခေါင်း |
| --- |

## လျှောက်ထားလွှာ

၂၀၂၀ ပြည့်နှစ်၊ အကောက်ခွန်/ဝင်ငွေခွန် အယူခံမှု/ပြန်လည်သုံးသပ်မှုအမှတ် (            )

သို့

ဥက္ကဋ္ဌ
အခွန်အယူခံခုံအဖွဲ့

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊            လ        ရက်

အကြောင်းအရာ။ **အခွန်အယူခံခုံအဖွဲ့**သို့ လျှောက်ထားသည့် အကောက်ခွန်/ ဝင်ငွေခွန် အယူခံမှု/ပြန်လည်သုံးသပ်မှုအမှတ် (              )ကို ဗီဒီယိုဆက်သွယ်မှု (VideoConferencing)ဖြင့်ကြားနာစစ်ဆေးပေးပါရန် **လျှောက်ထားခြင်း**

၁။ COVID-19 ကူးစက်ရောဂါ ကူးစက် ပြန့်ပွားနေသည့် ကာလအတွင်းအခွန်အယူခံခုံအဖွဲ့သို့ လျှောက်ထားသည့် ________________________________ကို ဗီဒီယိုဆက်သွယ်မှု (Video Conferencing) ဖြင့် မိမိအစီအစဉ်ဖြင့်ဆက်သွယ်မည့်နေရာ/ အခွန်အယူခံခုံအဖွဲ့၏ သတ်မှတ်နေရာတွင် ကြားနာစစ်ဆေးစီရင် ဆုံးဖြတ် ပေးပါရန် လျှောက်ထားအပ်ပါသည်။

၂။ လျှောက်ထားလွှာကို လက်ခံ ခွင့်ပြုပါက ၊ ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာစစ်ဆေးမှုကို သဘောတူပါကြောင်းနှင့် သတ်မှတ်စည်းကမ်းချက်များကို လိုက်နာမည် ဖြစ်ပါကြောင်း ဝန်ခံကတိ ပြုပါသည်။

(လက်မှတ်)

လျှောက်ထားသူအမည်၊________________________
နိုင်ငံသား စိစစ်ရေးကတ်အမှတ်၊________________
လိပ်စာ၊________________________________
________________________________________
အီးမေးလ် လိပ်စာ၊__________________________
တယ်လီဖုန်း နံပါတ်၊_________________________

လျှောက်ထားခံရသူမှ ဖြည့်စွက်ရမည့် ပုံစံ

## သဘောတူညီချက်

အကောက်ခွန်/ ဝင်ငွေခွန် အယူခံမှု/ ပြန်လည်သုံးသပ်မှုအမှတ် ( )၏ ကိုယ်စားလှယ် ဖြစ်ပါသည်။ မိမိအနေဖြင့် အကောက်ခွန်/ ဝင်ငွေခွန် အယူခံမှု/ ပြန်လည် သုံးသပ်မှုအမှတ် ( ) ကို ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာ စစ်ဆေးစီရင် ဆုံးဖြတ်မှုကို သဘောတူညီပါကြောင်းနှင့် ဗီဒီယိုဆက်သွယ်မှုဖြင့် ကြားနာစစ်ဆေးမှု ပြုရာတွင်လည်း သတ်မှတ် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ဝန်ခံ ကတိပြုပါသည်။

ဌာနတံဆိပ်

(လက်မှတ်)

အမည်၊____________________________

ရာထူး၊____________________________

ဌာန၊____________________________

အီးမေးလ် လိပ်စာ၊________________________

တယ်လီဖုန်း နံပါတ်၊________________________

ရက်စွဲ၊၂၀၂၀ ပြည့်နှစ်၊ လ ရက်

နေရာ၊ မြို့